

ပိတ်ပင်တားမြစ်ခြင်း၊ ကာကွယ်ခြင်းဆိုင်ရာ နည်းလမ်းများ

www.haccp.or.kr

ပိတ်ပင်တားမြစ်ခြင်း



စိုက်ခင်း၊ မွေးမြူရေးခြံ အဝင်တံခါးဝတွင် ပင်ထွက်သွားလာခွင့်မပြုသော ဆိုင်းဘုတ် တပ်ဆင်ထားခြင်းများ ပြု လုပ်ပါ။




ကြွက် ၊ ငှက် တောရိုင်းတိရစ္ဆာန်များ ပင်ရောက်လာခြင်း မရှိစေရန် တားမြစ်ပါ။

မော်တော်ယာဉ် ကြီးကြပ်ခြင်း



စိုက်ခင်း၊ မွေးမြူရေးခြံ အဝင်အထွက် မပြုလုပ်မီ မော်တော်ယာဉ် အတွင်းအပြင် ပိုးသတ်ပါ။



တိရစ္ဆာန်များ အတင်အချ ပြုလုပ်ပြီးပါက မော်တော်ယာဉ်များကို ဆေးကြောခြင်း ၊ ပိုးသတ်ခြင်းများ ပြုလုပ်ပါ


လူအဝင်အထွက် ကြီးကြပ်ခြင်း



စိုက်ခင်း၊ မွေးမြူရေးခြံထဲ အဝင်အထွက်ပြုလုပ်စဉ် အပြင်ဝတ် ဝတ်စုံ နှင့် ဖိနပ် များ လဲလှယ်ဝတ်ဆင်ပါ။
* ဧည့်သည်သုံး ကာကွယ်ရေး ဝတ်စုံများ ၊ ဖိနပ်များ ဝတ်စဉ်ပါ



စိုက်ခင်း၊ မွေးမြူရေးခြံထဲသို့ အဝင်အထွက်ပြုလုပ်စဉ်တွင် လက် ၊ ဖိနပ် ၊ ကိုယ်ပိုင်ပစ္စည်းများကို ပိုးသတ်ပါ။
* ခြေသုတ်ခုံ ပိုးသတ်ဆေးရည်ကို ၂~၃ရက်တိုင်း ဖြစ်စေ(သို့) လိုအပ် လျှင် နေ့စဉ် လဲလှယ်ပါ။



လုပ်ငန်းခွင်သုံး ဝတ်စုံ နှင့် ဘွတ်ဖိနပ်ရှည်ကို လုပ်ငန်းခွင်ပြင်ပတွင် အသုံးမပြုရပါ။

ပြင်ပပစ္စည်းများ ကြီးကြပ်ခြင်း



ပြင်ပမှတင်သွင်းသော ပစ္စည်းများ (ပစ္စည်းကိရိယာ၊ ဆေးဝါး စသည်တို့ကို) ပိုးသတ်ပါ။



ပိုးသတ်ပြီးနောက် သွင်းကုန်ပစ္စည်းဂိုဒေါင်ထဲသို့ ပစ္စည်းအလိုက် (အအေးသို လှောင်ခြင်း ၊ အပူသိုလှောင်ခြင်းဖြင့်) သိမ်းဆည်းပါ။



စိုက်ခင်း၊ မွေးမြူရေးခြံ ပင်ထွက်သွားလာခြင်းမှတ်တမ်း (လူ/မော်တော်ယာဉ်မှတ်တမ်းများ)ကို ရေးမှတ်ခြင်း နှင့် ၄င်းမှတ်တမ်းကို တစ်နှစ်တာလုံး သိမ်းဆည်းထားပါ။ (တိရစ္ဆာန်ရောဂါကာကွယ်တားဆီးရေး ဥပဒေ အချက် ၁၇ အရဖြစ်သည်)

Ministry of Food and Drug Safety

HACCP KAHAS Korea Agency of HACCP Accreditation and Services

စိုက်ခင်း၊ မွေးမြူရေးခြံ သန့်ရှင်းရေး ကြီးကြပ်မှုနည်းလမ်းများ

www.haccp.or.kr

သန့်ရှင်းရေးပြုလုပ်ခြင်း



မွေးမြူရေးခြံ အတွင်းရှိ မစင်များကို ဖယ်ရှားပါ



မွေးမြူရေးခြံ ပတ်ဝန်းကျင်ရှိ ဖုန်မှုန့်များကို ဖယ်ရှားပါ

ဆေးကြောသန့် စင်ခြင်း



မျက်နှာကျက် ➔ နံရံ ➔ ကြမ်းခင်း အစဉ်လိုက်ဆေးကြောသန့်စင်ပါ



ဘရွက် နှင့် ဆပ်ပြာကို အသုံးပြု၍ ပြင်ပ အညစ်အကြေးများကို ဖယ်ရှားပြီး ရေကျင်းပါ။



ကြမ်းခင်းတွင် စုပုံနေသော အညစ်အကြေးများကို ရေဖြင့် ဖျန်းပက် ၍ အပြင်ဘက်သို့ ထုတ်ပစ်ပါ



ရေဓါတ်များလုံးဝ မရှိသည်အထိအခြောက်ခံပြီးနောက် ပိုးသတ်ပါ

ပိုးသတ်ခြင်း



ပိုးသတ်ဆေး အသုံးပြုစဉ် သတိပြုရမည့် အချက်များကို စစ်ဆေးပြီးနောက် ဆေးပမာဏ ဆေးစပ်ပုံများကို မှန်ကန်စွာ ပြုလုပ်ပါ

* ဥပမာ ။ ။ ရောစပ်ခြင်းနည်းလမ်း ပိုးသတ်ဆေး ၁၅၀၀ ->ပိုးသတ်ဆေးရည် ၁လီတာ + ရေ ၄၉၉လီတာ



မျက်နှာကျက် ➔ နံရံ ➔ ကြမ်းခင်း အစဉ်လိုက် ပိုးသတ်ဆေးရည် ပတ်ဖြန်းပါ



ပိုးသတ်ဆေးရည် အခြောက်ခံချိန် (၁၀~၃၀ မိနစ်)



ပိုးသတ်ဆေးကို တိရိစ္ဆာန်အစာ ၊ သောက်ရေ ခွက် စသည်တို့တွင် မပက်ဖြန်းမိစေရန် သတိပြုပါ



တစ်ပတ်လျှင် တစ်ကြိမ်နှင့် အထက် အတွင်းအပြင် ပိုးသတ်ပါ ။ ပိုးသတ်သောမှတ်တမ်း ကို တစ်နှစ်တာအတွင်း သိမ်းဆည်းထားပါ (တိရစ္ဆာန်ရောဂါကာကွယ်တားဆီးရေး ဥပဒေ အချက် ၁၇ အရဖြစ်သည်)

Ministry of Food and Drug Safety

HACCP KAHAS Korea Agency of HACCP Accreditation and Services

အကြွင်းအကျန် အညစ်အကြေးများ ကြီးကြပ်သည့်နည်းလမ်း

www.haccp.or.kr

ပြင်ဆင် ခြင်း



တိရိစ္ဆာန်သုံးဆေးဝါးများ အသုံးမပြုမီ တစ်ခု ချင်းဆီ၏ အခြေအနေများကို စစ်ဆေးပါ။ (သို့) တိရိစ္ဆာန်ကု ဆရာဝန်များ၏ စမ်းသပ်ချက် ။



ညွှန်ကြားချက်း နှင့် အသုံးပြုပုံလမ်းညွှန် ကို ဖတ်ရှုပါ။



အသုံးပြုမှတ်တမ်းကိုစစ်ဆေးခြင်း နှင့် ဆေး နားသည့်ကာလ အချိန်အထိ တိတိကျကျ တွက်ချက်ပါ။

အသုံး ပြုခြင်း



တစ်ခုချင်းစီ အသုံးပြုပမာဏ နှင့် ဆေးထိုးသွင်း သည့်လမ်းကြောင်း (ဆေးသောက်ခြင်း ၊ ဆေးထိုး ခြင်း) လိုက်နာပါ ။



တိရိစ္ဆာန်သုံးဆေးဝါးများကို တိရိစ္ဆာန်အစာ ၊ သောက်သုံးရေများတွင် မပတ်ဖြန်းမိစေရန် သတိပြုပါ




တိရိစ္ဆာန်သုံးဆေးဝါးများ အသုံးပြုမှတ်တမ်း ရေးမှတ်ပြီး သိမ်း ဆည်းထားပါ။

စီမံခြင်း



တိရိစ္ဆာန်သုံးဆေးဝါးနှင့် ဆေးဝါးဆင်တူသော ပစ္စည်းအလိုက် သိုလှောင်ရမည့် အပူချိန်ကို လိုက်နာပြီး အသုံးပြုကာလသက်တမ်းတိုးခြင်း များပြုလုပ်ပါ။




ဆေးထည့်သွင်းပြီးနောက် သက်ဆိုင်ရာ အစာခွက်၊ ရေသောက်ခွက် စသည်တို့ကို ဆေးကြောပါ ၊ ပိုးသတ်ပါ



ဆေး ထိုးသွင်းပြီးနောက် အဆုတ်ဆေးထိုးအပ် ၊ အဆုတ်ဆေးပုလင်းများကို ချက်ဆင်း ဖယ်ယူ၍ ရှင်းလင်းပစ်ပါ။

ကုန် ပစ္စည်းပို့ ဆောင်မှု



ကုန်ပစ္စည်းပို့ဆောင်လျှင် ဆေးနားသည့်ကာလ စစ်ဆေးပါ။

ဆေးထိုးအပ်ကျန်ရှိပါက ကျန်ရှိသောအစိတ်အပိုင်းများကို အမှတ်အ သားပြုလုပ်ပါ။



ကုန်ပစ္စည်းတင်ပို့သောနေ့စဉ်မှတ်တမ်း ရေးမှတ်ပြီး သိမ်းဆည်း

ထားပါ ။ (တိရစ္ဆာန်ရောဂါကာကွယ်တားဆီးရေးဥပဒေ အချက် ၁၆ အရဖြစ်သည်)

တိရိစ္ဆာန်သုံးဆေးဝါး နှင့် တိရိစ္ဆာန်သုံးဆေးဝါးနှင့်တူသော အရာ (ပိုးသတ်ဆေး စသည်)တို့ကိုမူ စိုက်ပျိုးရေး ၊ သစ်တော နှင့် မွေးမြူရေး ဆိုင်ရာရောဂါကာကွယ်ရေးဌာန(**www.qia.go.kr**) မှ ခွင့်ပြုသော ပစ္စည်းများသာ အသုံးပြုရပါမည်။

※ (ဥပမာ) " ကြာက်သန်းများ" ရှိပါက တိရစ္ဆာန်သုံး ပိုးသတ်ဆေး ထဲမှ အသုံးပြု ပုံ အသုံးပြုမည့် ပမာဏ နှင့် ဆေးအာနိသင် ကိုက်ညီသော "ကြာက်သန်ချဆေး" ကဲ့သို့သော ဆေးကို အသုံးပြု ပါ ။

※ သဘာဝပတ်ဝန်းကျင်အသိအမှတ်ပြု ခြွင်းခံရသော စိုက်ခင်း ၊ မွေးမြူ ရေး ခြံတွင် အော်ဂဲနစ် ဒြပ်ပေါင်းပါဝင်သော ပိုးသတ်ဆေးများကို အသုံးပြု ရန် ပိတ်ပင်ထားပါသည်။

Ministry of Food and Drug Safety

HACCP KAHAS Korea Agency of HACCP Accreditation and Services